# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# jyewr;

အမှတ် ၂၃] ရန်ကုန်မြို့ { ၁၃၇၀ ပြည့်နှစ်၊ နယုန်လဆန်း ၃ ရက် ( ၂၀၀၈ ခုနှစ်၊ ဇွန်လ ၆ ရက် ) }သောကြာနေ့ [အတွဲ ၆၁

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်

**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်**

**ကြေညာချက်အမှတ် ၁၁/၂၀၀၈**

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်

( ၂၀၀၈ ခုနှစ်၊ မေလ ၂၆ ရက် )

**ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်ပေါင်း (၄၇) မြို့နယ်တို့အတွက် ကျင်းပခဲ့သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲရလဒ် ကြေညာခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို နိုင်ငံတော်တစ်ဝန်းလုံးတွင် မြို့နယ်ပေါင်း (၃၂၅) မြို့နယ်ရှိသည့်အနက် (၂၇၈) မြို့နယ်တို့၌ ၂၀၀၈ ခုနှစ်၊ မေလ ၁၀ ရက်နေ့က အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ရာ ထိုကျင်းပပြီးစီးခဲ့သည့် ဆန္ဒခံယူပွဲ၏ရလဒ်အား ဤကော်မရှင်၏ ၂၀၀၈ ခုနှစ်၊ မေလ ၁၅ ရက်စွဲပါ ကြေညာချက်အမှတ် (၁၀/၂၀၀၈) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ဤကော်မရှင်၏ ၂၀၀၈ ခုနှစ်၊ မေလ ၆ ရက်စွဲပါ ကြေညာချက်အမှတ် (၈/၂၀၀၈) ဖြင့် ထုတ်ပြန်ကြေညာထားသည့်အတိုင်း ပြင်းထန်သည့် "နာဂစ်" မုန်တိုင်းဒဏ်ခံခဲ့ရသော ရန်ကုန်တိုင်းမှ မြို့နယ်ပေါင်း (၄၀) နှင့် ဧရာဝတီတိုင်းမှ (၇) မြို့နယ်တို့အတွက် ကျင်းပရန်ရှိသည့် ဆန္ဒခံယူပွဲကို ၂၀၀၈ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် ဆက်လက်ကျင်းပခဲ့ရာ ထိုဆန္ဒခံယူပွဲ၏ရလဒ်မှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

| | | |
|---|---|---|
| (က) | အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးခွင့်ရှိသူဦးရေ | ၄၅၈၀၃၉၃ ဦး |
| (ခ) | ဆန္ဒမဲပေးသူဦးရေ | ၄၂၈၀၀၁၅ ဦး (၉၃ ဒသမ ၄၄) ရာခိုင်နှုန်း |
| (ဂ) | ထောက်ခံဆန္ဒမဲပေးသည့်ဦးရေ | ၃၉၇၇၅၂၈ ဦး (၉၂ ဒသမ ၉၃) ရာခိုင်နှုန်း |
| (ဃ) | ကန့်ကွက်ဆန္ဒမဲပေးသည့်ဦးရေ | ၂၅၆၂၃၂ ဦး (၅ ဒသမ ၉၉) ရာခိုင်နှုန်း |

(င) ပယ်မဲ ၄၆၂၅၅ ဦး

(၁ ဒသမ ၀၈) ရာခိုင်နှုန်း

၃။ သို့ပါ၍ ဆန္ဒမဲပေးသည့်မဲဆန္ဒရှင်(၄၂၈၀၀၁၅)ဦးအနက်(၃၉၇၇၅၂၈)ဦး တို့က ထောက်ခံဆန္ဒမဲပေးသည့်အတွက် ထောက်ခံသည့်ရာခိုင်နှုန်းမှာ (၉၂ ဒသမ ၉၃) ရာခိုင်နှုန်းဖြစ်ကြောင်း ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ (၄၇) မြို့နယ်အတွက် ကျင်းပပြီးစီးခဲ့သည့် ဆန္ဒခံယူပွဲ၏ရလဒ်အား ကြေညာ အပ်ပါသည်။

အောင်တိုး

ဥက္ကဋ္ဌ

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်**

**ကြေညာချက်အမှတ် ၁၂/၂၀၀၈**

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်

( ၂၀၀၈ ခုနှစ်၊ မေလ ၂၆ ရက် )

## ပြည်ထောင်စုတစ်ဝန်းလုံးတွင် ကျင်းပခဲ့သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲရလဒ် ကြေညာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို နိုင်ငံတော်တစ်ဝန်းလုံးတွင် မြို့နယ် ပေါင်း (၃၂၅) မြို့နယ်ရှိသည့်အနက် (၂၇၈) မြို့နယ်တို့၌ ၂၀၀၈ ခုနှစ်၊ မေလ ၁၀ ရက်နေ့က အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ရာ ထိုကျင်းပပြီးစီးခဲ့သည့် ဆန္ဒ ခံယူပွဲရလဒ်အား ဤကော်မရှင်၏ ၂၀၀၈ ခုနှစ်၊ မေလ ၁၅ ရက်စွဲပါ ကြေညာ ချက်အမှတ် (၁၀/၂၀၀၈) ဖြင့်လည်းကောင်း၊ ဤကော်မရှင်၏ ၂၀၀၈ ခုနှစ်၊ မေလ ၆ ရက်စွဲပါ ကြေညာချက်အမှတ် (၈/၂၀၀၈) ဖြင့် ထုတ်ပြန်ကြေညာ ထားသည့်အတိုင်း ပြင်းထန်သည့် "နာဂစ်" မုန်တိုင်းဒဏ်ခံခဲ့ရသော ရန်ကုန် တိုင်းမှ မြို့နယ်ပေါင်း (၄၀) နှင့် ဧရာဝတီတိုင်းမှ (၇) မြို့နယ်တို့အတွက် ကျင်းပရန်ရှိသည့် ဆန္ဒခံယူပွဲကို ၂၀၀၈ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် ဆက်လက်ကျင်းပခဲ့ရာ ထိုဆန္ဒခံယူပွဲ၏ရလဒ်အား ဤကော်မရှင်၏ ၂၀၀၈ ခုနှစ်၊ မေလ ၂၆ ရက်စွဲပါ ကြေညာချက်အမှတ် (၁၁/၂၀၀၈) ဖြင့် လည်းကောင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ပြည်ထောင်စုတစ်ဝန်းလုံးတွင် လူဦးရေ (၅၇၅၀၄၃၆၈) ဦးနှင့် ဆန္ဒမဲ ပေးခွင့်ရှိသူဦးရေ (၂၇၃၆၉၉၅၇) ဦး ရှိခဲ့ရာမှ ပြင်းထန်သော "နာဂစ်" မုန်တိုင်း ဒဏ်ကြောင့် ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် မွန်ပြည်နယ်တို့တွင် သေဆုံးသူ ဦးရေ(၇၇၇၃၈)ဦးနှင့် ပျောက်ဆုံးသူဦးရေ(၅၅၉၁၇)ဦး ပေါင်း(၁၃၃၆၅၅)ဦး ဖြစ်ပြီး၊ ယင်းတို့အနက် ဆန္ဒမဲပေးခွင့်ရှိသူဦးရေ (၈၁၁၃၀) ဦး ပါဝင်ကြောင်း စာရင်းကောက်ယူရေးအဖွဲ့၏တင်ပြချက်အရ သိရှိရပါသည်။ ထို့ကြောင့် ယခုအခါ ပြည်ထောင်စုတစ်ဝန်းလုံးတွင် လူဦးရေ (၅၇၃၇၀၇၁၃) ဦးနှင့် ဆန္ဒမဲ ပေးခွင့်ရှိသူဦးရေ (၂၇၂၈၈၈၂၇) ဦးရှိပါသည်။

၃။ ထို့ကြောင့် ၂၀၀၈ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် (၂၇၈) မြို့နယ်နှင့် ၂၀၀၈ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် (၄၇) မြို့နယ်၊ ပေါင်း (၃၂၅) မြို့နယ်တို့အတွက် ကျင်းပခဲ့သော ဆန္ဒခံယူပွဲ၏ စုစုပေါင်းရလဒ်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပြည်ထောင်စုတစ်ဝန်းလုံးရှိ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးခွင့်ရှိသူဦးရေ ၂၇၂၈၈၈၂၇ ဦး

(ခ) ဆန္ဒမဲပေးသူဦးရေ ၂၆၇၇၆၆၇၅ ဦး (၉၈ ဒသမ ၁၂) ရာခိုင်နှုန်း

(ဂ) ထောက်ခံဆန္ဒမဲပေးသည့်ဦးရေ ၂၄၇၆၄၁၂၄ ဦး (၉၂ ဒသမ ၄၈) ရာခိုင်နှုန်း

(ဃ) ကန့်ကွက်ဆန္ဒမဲပေးသည့်ဦးရေ ၁၆၃၁၇၁၂ ဦး (၆ ဒသမ ၁) ရာခိုင်နှုန်း

(င) ပယ်မဲ ၃၈၀၈၃၉ ဦး (၁ ဒသမ ၄၂) ရာခိုင်နှုန်း

၄။ အထက်အပိုဒ် (၃) ပါအတိုင်း ပြည်ထောင်စုတစ်ဝန်းလုံး၌ ကျင်းပပြီးစီးခဲ့သည့် ဆန္ဒခံယူပွဲများတွင် ဆန္ဒမဲပေးသူစုစုပေါင်း (၂၆၇၇၆၆၇၅) ဦးတို့၏ ဆန္ဒမဲပေးမှုအခြေအနေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) မဲရုံသို့ကိုယ်တိုင်လာရောက် ဆန္ဒမဲပေးသူဦးရေ ၂၂၁၅၄၉၇၀ ဦး (၈၂ ဒသမ ၇၄) ရာခိုင်နှုန်း

(၁) ထောက်ခံဆန္ဒမဲပေးသူဦးရေ ၂၀၂၁၅၆၃၇ ဦး

(၂) ကန့်ကွက်ဆန္ဒမဲပေးသူဦးရေ ၁၅၇၅၂၅၇ ဦး

(၃) ပယ်မဲ ၃၆၄၀၇၆ ဦး

(ခ) ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးသူဦးရေ ၄၆၂၁၇၀၅ ဦး (၁၇ ဒသမ ၂၆) ရာခိုင်နှုန်း

(၁) ထောက်ခံဆန္ဒမဲပေးသူဦးရေ ၄၅၄၈၄၈၇ ဦး

(၂) ကန့်ကွက်ဆန္ဒမဲပေးသူဦးရေ ၅၆၄၅၅ ဦး

(၃) ပယ်မဲ ၁၆၇၆၃ ဦး

၅။ သို့ပါ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံး၌ ကျင်းပခဲ့သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူဦးရေ (၂၇၂၈၈၈၂၇) ဦးတို့အနက် (၂၆၇၇၆၆၇၅) ဦးတို့က လာရောက်ဆန္ဒမဲပေးခဲ့ကြပြီး၊ ဆန္ဒမဲပေးသည့်ရာခိုင်နှုန်းမှာ (၉၈ ဒသမ ၁၂) ရာခိုင်နှုန်းဖြစ်ပါသည်။ အဆိုပါဆန္ဒမဲပေးသည့် (၂၆၇၇၆၆၇၅) ဦးတို့အနက် (၂၄၇၆၄၁၂၄) ဦးတို့က ထောက်ခံဆန္ဒမဲပေးခဲ့ကြသည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုပေးရန် ထောက်ခံသည့်ရာခိုင်နှုန်းမှာ (၉၂ ဒသမ ၄၈) ရာခိုင်နှုန်းဖြစ်ကြောင်း ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေပုဒ်မ ၂၃ အရ ကြေညာလိုက်ပါသည်။

အောင်တိုး

ဥက္ကဋ္ဌ

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ဝန်ကြီးရုံး

နေပြည်တော်၊ ၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်
( ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် )

အမှတ် ၂၁ ။ ။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ အောက်ဖော်ပြပါ သုတေသနအရာရှိ (လစာနှုန်း ၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) (၃) ဦးအား သုတေသနမှူး (လစာနှုန်း ၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးသို့ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

| စဉ် | အမည် |
|---|---|
| ၁။ | ဒေါ်အောင်မေသန်း |
| ၂။ | ဒေါက်တာတင်ထွန်း |
| ၃။ | ဒေါ်အေးအေးမြင့် |

နေပြည်တော်၊ ၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
( ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက် )

အမှတ် ၂၂ ။ ။ ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ရာထူးခန့်ချုပ်ရုံးမှ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်စွဲပါစာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၀၇ ဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်စေသော ကြည်း-၁၃၀၆၈ ဗိုလ်မှူးကြီးလှမြင့်အား ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့မှစ၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း၊ နှစ်ရှည်ပင်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဌာန၊ ကော်ဖီစီမံကိန်း၌ လစ်လပ်လျက်ရှိသော အထွေထွေမန်နေဂျာ (လစာနှုန်း ၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးနေရာတွင် ခန့်ထားလိုက်သည်။

ဗိုလ်ချုပ်ဌေးဦး၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## အမှတ် (၁) စက်မှုဝန်ကြီးဌာန

## ဝန်ကြီးရုံး

၁၃၆၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်
( ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် )

အမှတ် ၅၄၂ ။ ။ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ ဆပ်ပြာစက်ရုံ (မန္တလေး) မှ (လစာနှုန်း ၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) တန်း အလုပ်ရုံ

ခွဲမှူး (ကုန်ထုတ်) ဒေါ်မြမိုးဝင်းအား တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း၊ အပ်ချုပ်စက် စက်ရုံ (ကျောက်ဆည်) ရှိ (လစာနှုန်း ၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) တန်း အလုပ်ရုံခွဲမှူး (ကုန်ထုတ်) ရာထူးသို့ ပြောင်းရွှေ့ခန့်ထားလိုက်ပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစက်ရုံတွင် တွဲဖက်တာဝန်ထမ်းဆောင်စေလိုက်သည်။

၁၃၆၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်
( ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက် )

အမှတ် ၅၄၃ ။ ။ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း (ရုံးချုပ်) မှ (လစာနှုန်း ၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တန်း လက်ထောက်အထွေထွေမန်နေဂျာ (ငွေစာရင်း) ဒေါ်ရီရီမြင့်အား ယင်းလုပ်ငန်း (ရုံးချုပ်) တွင် လစ်လပ်လျက်ရှိသော (လစာနှုန်း ၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်း ဒုတိယအထွေထွေမန်နေဂျာ (ငွေစာရင်း) ရာထူးသို့ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှစ၍ အထူးကိစ္စတစ်ရပ်အဖြစ် တစ်နှစ်စမ်းသပ်တိုးမြှင့်ခန့်ထားလိုက်သည်။

အောင်သောင်း၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
အမှတ် (၁) စက်မှုဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်
( ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက် )

အမှတ် ၃၆/၂၀၀၈ ။ ။ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၀၈) ၏ သဘောတူခွင့်ပြုချက်အရ အငြိမ်းစား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းအား ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ အကြံပေးအရာရှိအဖြစ် ဒုတိယအကြိမ် တစ်နှစ် ဆက်လက်တာဝန်ပေးခန့်ထားလိုက်သည်။

ဉာဏ်ဝင်း၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၁၁၅/၂၀၀၇**

နေပြည်တော်၊ ၁၃၆၉ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်

( ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက် )

၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄၀/၂၀၀၇) ၏ ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ မြန်မာကုမ္ပဏီ (၁၂) ခုကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၄၇ နှင့်အညီ ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ သက်ဆိုင်ရာ ကုမ္ပဏီမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်လိုက်သည် -

| **အမှတ်စဉ်** | **ကုမ္ပဏီအမည်နှင့်လိပ်စာ** | **မှတ်ပုံတင်အမှတ်/ရက်စွဲ** | **လုပ်ငန်းအမျိုးအစား** |
|---|---|---|---|
| ၁။ | ထာဝရထုတ်လုပ်မှုကုမ္ပဏီလီမိတက် Forever Manufacturing Co.,Ltd. အမှတ် (၈)၊ နှင်းဆီလမ်း၊ ငွေကြာယံရိပ်သာ၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ | ၁၅/၀၃-၀၄ ၉-၄-၀၃ | စက်မှုလက်မှုနှင့် ထုတ်လုပ်မှု |
| ၂။ | မြန်မာတော်ဝင်အလင်းကုမ္ပဏီလီမိတက် Myanmar Royal Light Co.,Ltd. တိုက် (၁၀)၊ အခန်း (၅)၊ စံပါယ်လမ်း၊ ယုဇနပလာဇာအနောက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ | ၂၆/၀၃-၀၄ ၂၁-၄-၀၃ | ရောင်းဝယ်ရေး |
| ၃။ | မြန်မာစိမ်းလဲ့အောင်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် Myanmar Seinn Lei Aung Trading Co., Ltd. အမှတ် (၉၉/၃၁)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (၂) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ | ၆၈/၀၃-၀၄ ၁၉-၅-၀၃ | ရောင်းဝယ်ရေး |
| ၄။ | မြန်မာကြိမ်ထည်ကုမ္ပဏီလီမိတက် Myanmar Rattan Co., Ltd. အမှတ် (၆၈/အေ)၊ အုတ်ကျင်းဘူတာရုံလမ်း၊ (၁၆) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ | ၇၃/၀၃-၀၄ ၂၁-၅-၀၃ | ရောင်းဝယ်ရေး |
| ၅။ | မင်းသုခကျောက်မျက်ကုမ္ပဏီ လီမိတက် Minn Thukha Gems Co., Ltd. ကျွန်းတောပလာဇာ၊ ၁၀-လွှာ၊ ဗားဂရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ | ၁၄၅/၀၃-၀၄ ၂၀-၆-၀၃ | ကျောက်မျက် |

| အမှတ်စဉ် | ကုမ္ပဏီအမည်နှင့်လိပ်စာ | မှတ်ပုံတင်အမှတ်/ရက်စွဲ | လုပ်ငန်းအမျိုးအစား |
|---|---|---|---|
| ၆။ | ဧရာမင်းသိန်းမန္တလေးရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်<br>Ayeyar Min Thein Mandalay Trading Co., Ltd.<br>အမှတ် (၁၂၅)၊ ၃၁-လမ်း၊ ၆၃ လမ်း × ၆၄ လမ်းကြား၊ ပြည်ကြီးမျက်ရှင်မြို့နယ်၊ မန္တလေးမြို့။ | ၂၀၉/၀၃-၀၄<br>၂၉-၇-၀၃ | ရောင်းဝယ်ရေး |
| ၇။ | အလယ်လမ်းကုမ္ပဏီလီမိတက်<br>Mid Way Co., Ltd.<br>တိုက် (၁၂/ခ)၊ အခန်း (၇၀၆)၊ ပါရမီကွန်ဒိုမီနီယမ်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ | ၂၃၂/၀၃-၀၄<br>၆-၈-၀၃ | ရောင်းဝယ်ရေး |
| ၈။ | ပတ္တမြားကောင်းကင် ဝန်ဆောင်မှုကုမ္ပဏီလီမိတက်<br>Ruby Sky Services Co., Ltd.<br>တိုက် (၂)၊ အခန်း (၅)၊ နာနတ်တောလမ်း၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ | ၃၀၆/၀၃-၀၄<br>၁၀-၉-၀၃ | ဝန်ဆောင်မှု |
| ၉။ | မြတ်ဆုခိုင်ကုမ္ပဏီလီမိတက်<br>Myat Su Khaing Co., Ltd.<br>အမှတ် (၂၆၂/၂၈၆)၊ အခန်း (၃၆)၊ တတိယထပ်၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ | ၃၁၅/၀၃-၀၄<br>၁၇-၉-၀၃ | ရောင်းဝယ်ရေး |
| ၁၀။ | ဧပြီ-၅၊ အကြံပေးအတိုင်ပင်ခံနှင့် အကျိုးဆောင်လုပ်ငန်းကုမ္ပဏီ လီမိတက်<br>April 5 Consultancy & Services Co., Ltd.<br>အမှတ် (၀၂-၁၁)၊ အေရှပလာဇာ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ | ၃၃၃/၀၃-၀၄<br>၂၃-၉-၀၃ | ဝန်ဆောင်မှု |
| ၁၁။ | စိုးရတနာခိုင်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်<br>Soe Yadana Khine Trading Co.,Ltd.<br>အမှတ် (၈)၊ အောင်ဆန်းကွင်း မြောက်ပိုင်း၊ ပန်းဆိုးတန်းအထက်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ | ၄၁၅/၀၃-၀၄<br>၆-၁၀-၀၃ | ရောင်းဝယ်ရေး |
| ၁၂။ | ရိုးရိုးသားသားပို့ဆောင်ရေး ကုမ္ပဏီလီမိတက်<br>Sincere Transport Co., Ltd.<br>အမှတ် (၅၂၅/၅၂၇)၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်မြို့။ | ၅၃၁/၀၃-၀၄<br>၂၃-၁၀-၀၃ | ခရီးသွား |

| အမှတ်စဉ် | ကုမ္ပဏီအမည်နှင့်လိပ်စာ | မှတ်ပုံတင်အမှတ်/ရက်စွဲ | လုပ်ငန်းအမျိုးအစား |
|---|---|---|---|
| ၁၃။ | ဆေးမိခင်ကုမ္ပဏီလီမိတက်<br>Mother of Medicine Co., Ltd.<br>အမှတ် (၈၁)၊ ဗျိုင်းရေအိုးစင်လမ်း၊ ဗျိုင်းကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ | ၅၄၀/၀၃-၀၄<br>၂၄-၁၀-၀၃ | ရောင်းဝယ်ရေး |
| ၁၄။ | ချီချီအပြည်ပြည်ဆိုင်ရာရောင်းဝယ်ရေးကုမ္ပဏီလီမိတက်<br>Chi Chi International Trading Co., Ltd.<br>အမှတ် (၄/ဗီ)၊ ရွှေဇလပ်လမ်း၊ ရွှေစံပါယ်ရိပ်မွန်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ | ၅၄၄/၀၃-၀၄<br>၂၄-၁၀-၀၃ | ရောင်းဝယ်ရေး |
| ၁၅။ | ဧရာဝတီစိုက်ပျိုးရေးဓာတုဗေဒကုမ္ပဏီလီမိတက်<br>Ayeyarwaddy Agricultural Chemicals Co., Ltd.<br>အမှတ် (၇၇)၊ ဟားခါးလမ်း၊ တောင်ဒဂုံစက်မှုဇုန် (၁)၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ | ၅၇၉/၀၃-၀၄<br>၃၀-၁၀-၀၃ | ရောင်းဝယ်ရေး |
| ၁၆။ | ကမ္ဘာ့အောင်မြင်မှုကုမ္ပဏီလီမိတက်<br>Global Success Co., Ltd.<br>အမှတ် (၄၉)၊ ပဌမထပ် (ဝဲ)၊ ၈၇-လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ | ၆၃၄/၀၃-၀၄<br>၁၂-၁၁-၀၃ | စက်မှုလက်မှုနှင့်ထုတ်လုပ်မှု |
| ၁၇။ | မြန်မာသီးသန့်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်<br>Myanmar Thee Thant Trading Co., Ltd.<br>အမှတ် (၂၉/၄၄၃)၊ အောင်မေတ္တာလမ်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ရန်ကုန်မြို့။ | ၇၁၆/၀၃-၀၄<br>၃-၁၂-၀၃ | ရောင်းဝယ်ရေး |
| ၁၈။ | သုခဇုံနည်းပညာဝန်ဆောင်မှုကုမ္ပဏီလီမိတက်<br>Thu Kha Zone Technical Services Co., Ltd.<br>တိုက် (၄၂/၄၄)၊ အခန်း (၁၅)၊ ပထမထပ်၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ | ၇၄၈/၀၃-၀၄<br>၉-၁၂-၀၃ | ဝန်ဆောင်မှု |
| ၁၉။ | ပန်းပျိုဖြူကုမ္ပဏီလီမိတက်<br>Flower Girl Co., Ltd.<br>အမှတ် (၁၃၇)၊ ဒုတိယထပ်၊ (၄၂) လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ | ၇၅၄/၀၃-၀၄<br>၁၀-၁၂-၀၃ | ဝန်ဆောင်မှု |

| အမှတ်စဉ် | ကုမ္ပဏီအမည်နှင့်လိပ်စာ | မှတ်ပုံတင်အမှတ်/ရက်စွဲ | လုပ်ငန်းအမျိုးအစား |
|---|---|---|---|
| ၂၀။ | ရွှေးဟောင်းတောက်ပသောခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက်<br>Ancient Bright Travels & Tours Co., Ltd.<br>အမှတ် (၄၀၃)၊ ဇီဇဝါ၊ (ဗိုလ်ချုပ်လမ်း)၊ (၂) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ | ၇၆၀/၀၃-၀၄<br>၁၁-၁၂-၀၃ | ခရီးသွား |
| ၂၁။ | ရွှေရောင်စဉ်ကုမ္ပဏီလီမိတက်<br>Golden Spectrum Co., Ltd.<br>အခန်း (၀၀၁)၊ မြေညီထပ်၊ တိုက် (၂)၊ မင်္ဂလာဆင်မင်းအိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ | ၇၆၈/၀၃-၀၄<br>၁၂-၁၂-၀၃ | ဝန်ဆောင်မှု |
| ၂၂။ | ချစ်ဘုန်း-အောင် အပြည်ပြည်ဆိုင်ရာရောင်းဝယ်ရေးကုမ္ပဏီလီမိတက်<br>Chit Phong-Aung International Trading Co., Ltd.<br>အမှတ် (၁၅)၊ မြေညီထပ်၊ မလွှကုန်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ | ၇၇၂/၀၃-၀၄<br>၁၅-၁၂-၀၃ | ရောင်းဝယ်ရေး |
| ၂၃။ | သမင်ညီနောင်ကုမ္ပဏီလီမိတက်<br>Stag Brothers Co., Ltd.<br>အမှတ် (၂၅)၊ မြေနုလမ်း၊ မြေနီကုန်းရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ | ၇၇၃/၀၃-၀၄<br>၁၅-၁၂-၀၃ | စက်မှုလက်မှုနှင့်ထုတ်လုပ်မှု |
| ၂၄။ | အကောင်းဆုံးတောက်ပသောအနာဂတ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်<br>Super Bright Future Trading Co., Ltd.<br>အမှတ် (၁၄)၊ အခန်း (၁၄)၊ ပထမထပ်၊ (၃) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ | ၇၈၀/၀၃-၀၄<br>၁၆-၁၂-၀၃ | ဆောက်လုပ်ရေး |
| ၂၅။ | အရှေ့တောင်အာရှစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆောက်လုပ်ရေးကုမ္ပဏီလီမိတက်<br>South East Asia Economic Development Construction Co., Ltd.<br>တိုက် (ဘီ)၊ အခန်း (၄၀၂)၊ ပညာ့ဝတီရိပ်မွန်၊ (၅) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ | ၇၈၂/၀၃-၀၄<br>၁၈-၁၂-၀၃ | ဆောက်လုပ်ရေး |
| ၂၆။ | အဓိကရည်ရွယ်ချက်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်<br>Special Aim Mining Co., Ltd.<br>အမှတ် (၁၉/ဘီ)၊ ၅-လွှာ၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ | ၇၈၃/၀၃-၀၄<br>၁၈-၁၂-၀၃ | စက်မှုလက်မှုနှင့်ထုတ်လုပ်မှု |

| **အမှတ်စဉ်** | **ကုမ္ပဏီအမည်နှင့်လိပ်စာ** | **မှတ်ပုံတင်အမှတ်/ ရက်စွဲ** | **လုပ်ငန်း အမျိုးအစား** |
|---|---|---|---|
| ၂၇။ | ရွှေနရားအပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက်<br>Golden Mythical International Co., Ltd.<br>အမှတ် (၅၇) ဧရာဝဏ်ရိပ်သာ၊ မင်းနန္ဒာလမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ | ၇၉၁/၀၃-၀၄<br>၂၂-၁၂-၀၃ | စက်မှုလက်မှုနှင့် ထုတ်လုပ်မှု |
| ၂၈။ | အာရှဂုဏ်ကျက်သရေရှိသော ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်<br>Asia Honour Construction Co.,Ltd.<br>အမှတ် (အေ)၊ ပဥ္စမထပ်၊ မင်္ဂလာမွန်စျေး၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ | ၇၉၄/၀၃-၀၄<br>၂၄-၁၂-၀၃ | ဆောက်လုပ်ရေး |
| ၂၉။ | ကမ္ဘာမြေချစ်သူများအထွေထွေ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်<br>Earth Lovers General Trading Co., Ltd.<br>ရှုခုတ်ထန်ကျေးရွာ၊ ခုတ်ထန်ကျေးရွာအုပ်စု၊ လောက်ကိုင်ခရိုင်၊ လောက်ကိုင်မြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း။ | ၇၉၅/၀၃-၀၄<br>၂၄-၁၂-၀၃ | ရောင်းဝယ်ရေး |
| ၃၀။ | နေမင်းသမီးရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်<br>Sun Princess Trading Co., Ltd.<br>အမှတ် (၄၂)၊ ကံ့ကော်မြိုင်လမ်း၊ (၂၃) စုပေါင်းရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ | ၈၀၀/၀၃-၀၄<br>၂၆-၁၂-၀၃ | ရောင်းဝယ်ရေး |
| ၃၁။ | ရွှေရောင်အစွယ်ဆောက်လုပ်ရေး အုပ်စုကုမ္ပဏီလီမိတက်<br>Golden Tusk Construction Group Co., Ltd.<br>အမှတ် (S/၂)၊ ၇+၁၈+၁၉၊ (၆၆) လမ်း၊ ၄၀ လမ်း × ၄၁ လမ်းကြား၊ မဟာမြိုင် (၁) ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ | ၈၁၉/၀၃-၀၄<br>၃၁-၁၂-၀၃ | ဆောက်လုပ်ရေး |
| ၃၂။ | ဇွန်ဆုခိုင်ကုမ္ပဏီလီမိတက်<br>Zun Hsu Khine Co., Ltd.<br>အခန်း (၅)၊ အမှတ် (၅၉/ဘီ)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ | ၈၂၂/၀၃-၀၄<br>၁-၁-၀၄ | ရောင်းဝယ်ရေး |

(ပုံ) စိုးသာ၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။

# ပြည်ထောင်စုမြန်မာနိုင်ငံတော်

# jyewr;

ရန်ကုန်မြို့ { ၁၃၇၀ ပြည့်နှစ်၊ နယုန်လဆန်း ၃ ရက် ( ၂၀၀၈ ခုနှစ်၊ ဇွန်လ ၆ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်

## ဝန်ကြီးချုပ်ရုံး

## အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၆ ရက်

( ၂၀၀၈ ခုနှစ်၊ မေလ ၁၀ ရက် )

### မြို့ရွာများ ပြန်လည်ထူထောင်တည်ဆောက်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ ၂၀၀၈ ခုနှစ်၊ မေလ ၂ ရက်နေ့နှင့် ၃ ရက်နေ့များတွင် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းများအတွင်း တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မြို့ရွာများအား ပြန်လည်ထူထောင်တည်ဆောက်ရန်အတွက် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး ဆပ်ကော်မတီအောက်တွင် အောက်ဖော်ပြပါ အဖွဲ့ဝင်များပါဝင်သော **"မြို့ရွာများ ပြန်လည်ထူထောင်တည်ဆောက်ရေးအဖွဲ့"** အား ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ဗိုလ်မှူးချုပ်မြင့်သိန်း<br>ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဥက္ကဋ္ဌ<br>ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့<br>အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း<br>လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း<br>အမှတ် (၁) စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း<br>အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဆ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန
(ဇ) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန
(စျ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စည်ပင်သာယာရေးဦးစီးဌာန
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ
ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး
ဝန်ကြီးဌာန
(ည) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(ဋ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မွေးမြူရေးနှင့် ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
(ဌ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သမဝါယမဦးစီးဌာန
သမဝါယမဝန်ကြီးဌာန
(ဍ) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့သစ်လုပ်ငန်း
သစ်တောရေးရာဝန်ကြီးဌာန
(ဎ) ဗိုလ်မှူးကြီးကံချွန် အတွင်းရေးမှူး
အထူးဖွံ့ဖြိုးရေးစီမံကိန်းအဖွဲ့

၂။ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) မြို့ပေါ် လူနေရပ်ကွက်များကို ပြန်လည်တည်ဆောက်ပြုပြင်ပေးရန်၊
(ခ) မြို့/ရွာများရှိ အဆောက်အဦများ ပြန်လည်တည်ဆောက်ပေးရန်၊
(ဂ) မြို့/ရွာများတွင် ရေကောင်းရေသန့်ရရှိရေး စီမံဆောင်ရွက်ပေးရန်၊
(ဃ) မြို့ရွာများနှင့် ကျေးရွာများ ဆက်သွယ်သောလမ်း၊ တံတားများ ကောင်းမွန်စေရေး ပြုပြင်ဆောင်ရွက်ပေးရန်၊
(င) လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ စက်ရုံ အလုပ်ရုံများနှင့် အခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ချောမောအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆက်သွယ်ဆောင်ရွက် သွားရန်။

၃။ အဆိုပါ အဖွဲ့သည် ဆောင်ရွက်မည့်လုပ်ငန်းစီမံချက်၊ ဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေ အစီရင်ခံစာများကို အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီနှင့် ပြန်လည်တည်ထောင်ရေးနှင့် တည်ဆောက်ရေးကော်မတီသို့ အပတ်စဉ်တင်ပြသွားရန် ဖြစ်ပါသည်။

ဗိုလ်မှူးကြီးသန့်ရှင်း၊
ညွှန်ကြားရေးမှူးချုပ်၊
ဝန်ကြီးချုပ်ရုံး။

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# jyewr;

**အမှတ် ၂၄]** ရန်ကုန်မြို့ { ၁၃၇၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၀ ရက် ( ၂၀၀၈ ခုနှစ်၊ ဇွန်လ ၁၃ ရက် ) } **သောကြာနေ့ [အတွဲ ၆၁**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၀၈**

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

( ၂၀၀၈ ခုနှစ်၊ မေလ ၂၉ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများ အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန** |
|---|---|
| (က) ဒေါက်တာမြမြဦး | ပါမောက္ခချုပ်<br>ရန်ကုန်နည်းပညာတက္ကသိုလ်<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| (ခ) ဦးကြည်သာ | ဦးဆောင်ညွှန်ကြားရေးမှူး<br>ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်း<br>အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| (ဂ) ဒေါက်တာသန်းရွှေ | ဦးဆောင်ညွှန်ကြားရေးမှူး<br>မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်း လုပ်ငန်း<br>မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန |

အမိန့်အရ

(ပုံ) သီဟသူရတင်အောင်မြင့်ဦး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ပြည်ထောင်စုမြန်မာနိုင်ငံတော်

## တရားရုံးချုပ်

## အမိန့်ကြော်ငြာစာအမှတ် ၆၁၁/၂၀၀၇

နေပြည်တော်၊ ၁၃၆၉ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်

( ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက် )

တရားရုံးချုပ်သည် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအရ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ပေးအပ်ခြင်းခံရသော တရားစီရင်ရေးဆိုင်ရာသင်တန်း တက်ရောက်ပြီးဖြစ်သည့် ဦးတင့်ဇော် (ပ/၄၁၀၈) အား မွန်ပြည်နယ်၊ ရေးမြို့နယ်၊ လမိုင်းမြို့နယ်ခွဲတွင် ဖြစ်ပွားသော ပြစ်မှုဆိုင်ရာအမှုများကို စစ်ဆေးစီရင်နိုင်ရန်အတွက် ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ ၁၃ နှင့်အညီ ရာဘက်ရာဇဝတ် တရားသူကြီးအဖြစ် ခန့်ထားလိုက်ပြီး ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၂ (၁) (က) အရ ပထမတန်းရာဇဝတ်အာဏာနှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၆၀ အရ အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သည့် ရာဇဝတ်အာဏာများကိုလည်းကောင်း၊ ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေပုဒ်မ ၄၀(က) အရ ကလေးသူငယ်တရားသူကြီးအဖြစ် ခန့်ထားလိုက်ပြီး ကလေးသူငယ်မှုခင်းများကို စစ်ဆေးစီရင်ပိုင်ခွင့်အာဏာများကိုလည်းကောင်း အပ်နှင်းလိုက်သည်။

အောင်တိုး၊
တရားသူကြီးချုပ်၊
တရားရုံးချုပ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်

## ရှေ့နေချုပ်ရုံး

နေပြည်တော်၊ ၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်

( ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက် )

အမှတ် ၃ ။ ။ မြန်မာနိုင်ငံခွင့်ပေးရေးနည်းဥပဒေအပိုဒ် ၁၀ (က) နှင့် ၁၈ (၁) (က) တို့အရ မကွေးတိုင်း၊ မင်းလှမြို့နယ်ဥပဒေရုံး၊ မြို့နယ်ဥပဒေအရာရှိ ဦးဖိုးတု (ဥ/၁၆၉၄) (ဥပဒေအရာရှိအဆင့်-၃) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့ နံနက်ပိုင်းမှ ၂၀၀၈ ခုနှစ်၊ မေလ ၁၀ ရက်နေ့ ညနေပိုင်းအထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။

အဆိုပါခွင့်ကုန်ဆုံးပြီးနောက် ၂၀၀၈ ခုနှစ်၊ မေလ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ မြို့ပြဝန်ထမ်းစည်းမျဉ်းဥပဒေများအပိုဒ် ၄၆၅ အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ နှစ်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

အမှတ် ၈ ။ ။ မြန်မာနိုင်ငံခွင့်ပေးရေးနည်းဥပဒေအပိုဒ် ၁၀ (က) နှင့် ၁၈ (၁) (က) တို့အရ မန္တလေးတိုင်းဥပဒေရုံး၊ ဒုတိယတိုင်းဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၁) ဥ/၁၄၁၈ ဦးဘုန်းကုန်းအား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် ၂ လ ၁၈ ရက်ကို ၂၀၀၈ ခုနှစ်၊ မတ်လ ၁ ရက်နေ့ နံနက်ပိုင်းမှ ၂၀၀၈ ခုနှစ်၊ မေလ ၁၈ ရက်နေ့ ညနေပိုင်းအထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်

ပြုလိုက်သည်။ အဆိုပါခွင့်ကုန်ဆုံးပြီးနောက် ၂၀၀၈ ခုနှစ်၊ မေလ ၁၉ ရက်နေ့ နံနက်ပိုင်းမှစ၍ မြို့ပြဝန်ထမ်းစည်းမျဉ်းဥပဒေများ အပိုဒ် ၄၅၈ အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

နေပြည်တော်၊ ၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်
( ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )

အမှတ် ၅ ။ ။ ရှေ့နေချုပ်ရုံးခွဲ (မန္တလေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ရာထူးဖြင့် လုပ်ငန်းလိုအပ်ချက်အရ ရှေ့နေချုပ်ရုံး၊ နေပြည်တော်၊ ဌာန-၁ တွင် တွဲဖက်တာဝန်ချထားခဲ့သည့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဥ/၁၀၄၀ ဦးဟန်ညွန့်အား ရှေ့နေချုပ်ရုံး၊ နေပြည်တော်၊ ဌာန-၁ (ဥပဒေများစိစစ်ရေးဆွဲရေးဌာန) သို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

နေပြည်တော်၊ ၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်
( ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက် )

အမှတ် ၁၆ ။ ။ ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူး ဥ/၁၁၀၀ ဒေါ်အေးအေးကြည်က ၂၀၀၈ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့မှ ၂၀၀၈ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့အထိ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုရန်လျှောက်ထားခြင်းကို မူလအခြေခံနည်းဥပဒေ ၈၆ (က) ပါ ပြဋ္ဌာန်းချက်များအရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

အေးမောင်၊
ရှေ့နေချုပ်၊
ရှေ့နေချုပ်ရုံး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်

## ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်
( ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက် )

အမှတ် ၁၃ ။ ။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ နိုင်ငံရေးသိပ္ပံပညာဌာန (စီမံရုံးတွဲဖက်) မှ ကထိက ဦးမျိုးမြင့်သိမ်း (လစာနှုန်း ၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) အား ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကျင်းပသော ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ စီမံခန့်ခွဲရေးကော်မတီ ၁/၂၀၀၈ အစည်းအဝေးဆုံးဖြတ်ချက်အရ တာဝန်ဝတ္တရားများ စွန့်လွှတ်သည့်နေ့မှစ၍ မိမိဆန္ဒအလျောက် အလုပ်မှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

နေပြည်တော်၊ ၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်
( ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် )

အမှတ် ၁၄ ။ ။ ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော် (ကြည်း) တွင် စစ်မှုထမ်းခြင်းမှ အငြိမ်းစားယူခဲ့သည့် ကြည်း-၁၇၄၉၈ ဗိုလ်မှူးဇော်ထွန်း

(ငြိမ်း) အား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အောက်ရှိ ဝန်ထမ်းရေးရာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ(လစာနှုန်း ၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) ရာထူးနေရာ၌ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

ဒေါက်တာသန်းညွန့်၊
ဥက္ကဋ္ဌ၊
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ဝန်ကြီးရုံး

နေပြည်တော်၊ ၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်
( ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက် )

အမှတ် ၂၃ ။ ။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်သည် ၂၀၀၈ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့တွင် အသက် ၆၀ နှစ်ပြည့်မည်ဖြစ်၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို မူလအခြေခံနည်းဥပဒေ အပိုဒ် ၈၆ (က) (၁) ပါ ပြဋ္ဌာန်းချက်များအရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

အမှတ် ၂၄ ။ ။ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃၄/၂၀၀၇) ၏ သဘောတူညီချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဒေါက်တာတိုးအောင်အား လစဉ်ချီးမြှင့်ငွေ ၁၅၀,၀၀၀/- ဖြင့် ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့မှစ၍ အကြံပေးအရာရှိအဖြစ် ပထမအကြိမ် တစ်နှစ်ခန့်ထားလိုက်သည်။

အမှတ် ၂၅ ။ ။ အကြံပေးအရာရှိအဖြစ်ခန့်အပ်ထားသော ဒေါက်တာတိုးအောင်အား ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

အမှတ် ၂၆ ။ ။ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃၄/၂၀၀၇) ၏ သဘောတူညီချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူး (အငြိမ်းစား) ဒေါ်ခင်သန်းနွယ်အား လစဉ်ချီးမြှင့်ငွေ ၇၁,၀၀၀/- ဖြင့် ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့မှစ၍ အကြံပေးအရာရှိအဖြစ် ပထမအကြိမ် တစ်နှစ် ခန့်ထားလိုက်သည်။

အမှတ် ၂၇ ။ ။ အကြံပေးအရာရှိအဖြစ် ခန့်အပ်ထားသော ဒေါ်ခင်သန်းနွယ်အား ညွှန်ကြားရေးမှူးအဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

နေပြည်တော်၊ ၁၃၆၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်
( ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက် )

အမှတ် ၂၈ ။ ။ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃၄/၂၀၀၇) ၏ သဘောတူညီချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (အငြိမ်းစား) ဦးဆွေအား လစဉ်ထောက်ပံ့ငွေ ၂၀,၀၀၀/- ဖြင့် ကျွမ်းကျင်သူ အဖြစ် ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့မှစ၍ ပထမအကြိမ် တစ်နှစ် ခန့်ထားလိုက်သည်။

အမှတ် ၂၉ ။ ။ ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်စွဲပါစာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၀၇ ဖြင့်လည်းကောင်း၊ ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်စွဲပါစာအမှတ်တူဖြင့် လည်းကောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ လွှဲပြောင်း အမှုထမ်းဆောင်စေသည့် စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးအရာရှိများဖြစ်သော ကြည်း-၁၅၁၁၁ ဗိုလ်ကြီး ဝင်းတင် (ငြိမ်း) နှင့် ကြည်း-၂၇၈၂၀ ဗိုလ်ကြီးဆန်နီ (ငြိမ်း) တို့အား ၎င်းတို့၏ ဆန္ဒပြုလျှောက်ထားချက်အရ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့မှစ၍ အလုပ်မှနုတ်ထွက်ခွင့်ပြုလိုက်သည်။

ဗိုလ်ချုပ်ငွေးဦး၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

**အမှတ် (၁) စက်မှုဝန်ကြီးဌာန**

**ဝန်ကြီးရုံး**

၁၃၆၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်
( ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက် )

အမှတ် ၅၄၄ ။ ။ မြန်မာ့စားသောက်ကုန်လုပ်ငန်း (ရုံးချုပ်) မှ (လစာနှုန်း ၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) တန်း အထွေထွေမန်နေဂျာ (စက်မှုကုန်ကြမ်း) ဦးအောင်ကျော်ဦးအား တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ယင်းလုပ်ငန်း (ရုံးချုပ်) ရှိ (လစာနှုန်း ၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) တန်း အထွေထွေမန်နေဂျာ (ကုန်ထုတ်) ရာထူးသို့ ပြောင်းရွှေ့ ခန့်ထားလိုက်သည်။

အမှတ် ၅၄၅ ။ ။ မြန်မာ့စားသောက်ကုန်လုပ်ငန်း (ရုံးချုပ်) မှ (လစာနှုန်း ၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တန်း လက်ထောက်အထွေထွေ မန်နေဂျာ (ငွေစာရင်း) ဒေါ်နီနီအေးအား တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရန်ကုန်အမှတ် (၂) ဂျုံနှင့် ဂျုံထွက်စားကုန်ပစ္စည်း စက်ရုံ၏ စက်ရုံမှူးတာဝန်များကို လက်ရှိရာထူးလစာဖြင့် စမ်းသပ်ထမ်းဆောင် စေလိုက်သည်။

အမှတ် ၅၄၆ ။ ။ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ ပခုက္ကူအမှတ် (၂) စီးကရက်စက်ရုံမှ (လစာနှုန်း ၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) တန်း အလုပ်ရုံခွဲမှူး (စီမံရေး) ရာထူးဖြင့် သစ်ဆိမ့်ဆီစက်ရုံခွဲ၏ စက်ရုံခွဲမှူးတာဝန် ထမ်းဆောင်နေသော ဦးဇော်ဝင်းအား တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ လုပ်ငန်း (ရုံးချုပ်) ရှိ (လစာနှုန်း ၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) တန်း လက်ထောက်မန်နေဂျာ (စီမံကိန်း) ရာထူးသို့ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၅၄၇ ။ ။ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ ပခုက္ကူအမှတ် (၂) စီးကရက်စက်ရုံမှ (လစာနှုန်း ၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) တန်း လက်ထောက်စက်ရုံမှူး (ကုန်ထုတ်) ဦးလှဝင်းအား တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ သစ်ဆိမ့်ဆီစက်ရုံခွဲ၏ စက်ရုံခွဲမှူးတာဝန်များကို လက်ရှိရာထူးလစာဖြင့် စမ်းသပ်ထမ်းဆောင်စေလိုက်သည်။

အမှတ် ၅၄၈ ။ ။ မြန်မာ့စားသောက်ကုန်လုပ်ငန်း (ရုံးချုပ်) ရှိ (လစာနှုန်း ၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်း ဒုတိယအထွေထွေမန်နေဂျာ (စက်မှုကုန်ကြမ်း) ဒုတိယဗိုလ်မှူးကြီးသန်းဆွေအား ယင်းလုပ်ငန်း (ရုံးချုပ်) ရှိ (လစာနှုန်း ၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) တန်း အထွေထွေမန်နေဂျာ (စက်မှုကုန်ကြမ်း) ရာထူးသို့ ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့မှစ၍ အထူးကိစ္စတစ်ရပ်အဖြစ် တစ်နှစ် စမ်းသပ်တိုးမြှင့်ခန့်ထားလိုက်သည်။

အမှတ် ၅၄၉ ။ ။ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း (ရုံးချုပ်) မှ (လစာနှုန်း ၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) တန်း လက်ထောက်မန်နေဂျာ (စက်မှုကုန်ကြမ်း) ဒေါ်အေးမြတ်ငြိမ်းအား တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ ဝန်ကြီးရုံးအဖွဲ့တွင် တွဲဖက်တာဝန်ထမ်းဆောင်စေလိုက်သည်။

၁၃၆၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်
( ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် )

အမှတ် ၅၅၀ ။ ။ အမှတ် (၁) လေယာဉ်မောင်းသင်ကျောင်းတွင် တွဲဖက်တာဝန်ထမ်းဆောင်နေသော အမှတ် (၂၆) သယ်ယူပို့ဆောင်ရေးအုပ်လေ-၂၄၉၈ ဗိုလ်ကြီးအောင်နိုင်ဦး (အငြိမ်းစား) အား မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ ဘီးလင်းသကြားစက်ရုံရှိ (လစာနှုန်း ၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) တန်း လက်ထောက်စက်ရုံမှူး (ကုန်ထုတ်) ရာထူးတွင် ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့မှစ၍ ခန့်ထားလိုက်သည်။

၎င်း၏ ကနဦးလစာငွေအား ၁၀၀,၀၀၀/- အဖြစ် သတ်မှတ်လိုက်သည်။

အမှတ် ၅၅၁ ။ ။ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ ဖန်ချက်စက်ရုံ၊ ကုန်ထုတ်ဌာနမှ (လစာနှုန်း ၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) တန်း အလုပ်ရုံခွဲမှူး ဦးကျော်သူဝင်းအား အလုပ်ခွင်စည်းကမ်းကို ဖောက်ဖျက်ပြီး ခွင့်မဲ့ပျက်ကွက်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ခွင့်မဲ့စတင်ပျက်ကွက်သည့် ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်လိုက်သည်။

၁၃၆၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်
( ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက် )

အမှတ် ၅၅၂ ။ ။ စက်မှုညွှန်ကြားရေးဦးစီးဌာနမှ (လစာနှုန်း ၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တန်း လက်ထောက်ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)

ဒေါ်ရင်ရင်အေးအား ယင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော (လစာနှုန်း ၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်း ဒုတိယညွှန်ကြားရေးမှူး (ဘဏ္ဍာရေး) ရာထူးသို့ ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့မှစ၍ လုပ်ငန်းလိုအပ်ချက်အရ တစ်နှစ် စမ်းသပ်တိုးမြှင့်ခန့်ထားလိုက်သည်။

အောင်သောင်း၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
အမှတ် (၁) စက်မှုဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

# နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၆၉ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်
( ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက် )

အမှတ် ၂၃၁/၂၀၀၇ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းဌေးအား ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့ နံနက်ပိုင်းမှအစပြုပြီး မြို့ပြဝန်ထမ်းစည်းမျဉ်းဥပဒေ အပိုဒ် ၄၅၈ အရ သက်ပြည့်အငြိမ်းစားယူခွင့် ပြုလိုက်သည်။

အမှတ် ၂၃၂/၂၀၀၇ ။ ။ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၄၀/၂၀၀၇) မှ သဘောတူခွင့်ပြုချက်အရ အငြိမ်းစား ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းဌေးအား ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ တစ်လလျှင် ချီးမြှင့်ငွေ (၈၁,၀၀၀/-) ဖြင့် အကြံပေးအရာရှိအဖြစ် ပထမအကြိမ် တစ်နှစ် တာဝန်ပေးခန့်ထားလိုက်သည်။

အမှတ် ၂၃၃/၂၀၀၇ ။ ။ ဒေါ်သန်းသန်းဌေးအား အကြံပေးအရာရှိ တာဝန်များအပြင် လေ့ကျင့်ရေး၊ သုတေသနနှင့် ဘာသာစကားဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်တာဝန်များကို ပူးတွဲထမ်းဆောင်စေလိုက်သည်။

အမှတ် ၂၃၄/၂၀၀၇ ။ ။ ဒေါ်သန်းသန်းဌေးအား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်မပြုဘဲ ငြင်းပယ်ခဲ့ခြင်းကြောင့်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အကြံပေးအရာရှိအဖြစ် ဆက်လက်ခန့်ထားခြင်းကြောင့်လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁၉၈၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့ ရက်စွဲပါစာအမှတ်၊ ဘ-၂ (၁/၅၀) (၈၃) အရ ငြင်းပယ်ထားခဲ့သော ကြိုတင်ပြင်ဆင်ခွင့် (၄) လအတွက် ခွင့်လစာများကို တစ်လုံးတစ်ခဲတည်း ခံစားခွင့်ပြုလိုက်သည်။

နေပြည်တော်၊ ၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်
( ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် )

အမှတ် ၅၀/၂၀၀၈ ။ ။ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့ အစည်း

အဝေးအမှတ်စဉ် (၄/၂၀၀၈) မှ သဘောတူညီချက်အရ နယူးယောက်မြို့၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်တင့်ဆွေအား ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ ထိုရာထူးနေရာတွင်ပင် စတုတ္ထအကြိမ် တစ်နှစ် ဆက်လက်ခန့်ထားလိုက်သည်။

ဉာဏ်ဝင်း၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန**
**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၀၈)**

နေပြည်တော်၊ ၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်
( ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် )

အကြောင်းအရာ။ ။ **မောနင်း(န်)လိုက် ကုမ္ပဏီလီမိတက် (Morning Light Co., Ltd.) အား အမည်ပျက်စာရင်း (Black List) ထည့်သွင်းသတ်မှတ်ခြင်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များအား နောက်ဆုံးအကြိမ် သတိပေးခြင်း။**

၁။ မောနင်း(န်)လိုက် ကုမ္ပဏီလီမိတက် (Morning Light Co., Ltd.) သည် အခြေချစစ်ဗျူဟာ တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့နှင့် မူးယစ်အထူးအဖွဲ့မှ ဆက်စပ်စစ်ဆေးချက်များအရ မူးယစ်ဆေးဝါးချက်လုပ်ခြင်း၊ ရောင်းဝယ်ခြင်းဖြင့် ရရှိသောငွေများအား မောနင်း(န်)လိုက် ကုမ္ပဏီလီမိတက် (Morning Light Co., Ltd.) ၏ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံကာ ကျောက်စိမ်းရောင်းချရငွေ (၇,၆၃၇,၆၈၀) ကျပ်အား တရားဝင်ငွေကြေးအဖြစ် ပြောင်းလဲဖုံးကွယ်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ စုံစမ်းတွေ့ရှိရသဖြင့် ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ မောနင်း(န်)လိုက် ကုမ္ပဏီလီမိတက်အား ဖျက်သိမ်းပြီး ကုမ္ပဏီမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်၍ အမည်ပျက်စာရင်း (Black List) တွင် ထည့်သွင်းသတ်မှတ်လိုက်သည်။

**အမည်ပျက်စာရင်း (Black List) ထည့်သွင်းသည့်ကုမ္ပဏီ**

| | | |
|---|---|---|
| (က) ကုမ္ပဏီအမည် | - | မောနင်း(န်)လိုက်ကုမ္ပဏီလီမိတက် Morning Light Co., Ltd. |
| ကုမ္ပဏီမှတ်ပုံတင်အမှတ်/ နေ့စွဲ | - | ၄၁၆/၁၉၉၅-၁၉၉၆ (၁၇-၁၁-၁၉၉၅) |
| သက်တမ်းကုန်ဆုံးရက် | - | (၃၀-၆-၂၀၀၇) |
| လုပ်ငန်းအမျိုးအစား | - | ကျောက်မျက်လုပ်ငန်း |
| လိပ်စာ | - | အမှတ် (၂၉၅)၊ ၄-ထပ်၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ |

## နောက်ဆုံးအကြိမ်သတိပေးသည့် ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်စာရင်း

၂။ မောနင်း(န်)လိုက် ကုမ္ပဏီလီမိတက်မှ အောက်ဖော်ပြပါ ဒါရိုက်တာအဖွဲ့ဝင် ၆ ဦးကိုလည်း နောင်အခါ ယင်းဖြစ်စဉ်မျိုး ထပ်မံဖြစ်ပေါ်ပါက ကုမ္ပဏီဖွဲ့စည်းလုပ်ကိုင်ခွင့်ပြုမည်မဟုတ်ကြောင်းကို နောက်ဆုံးအကြိမ်အဖြစ် မှတ်တမ်းတင် သတိပေးလိုက်သည်။

| စဉ် | အမည်/မှတ်ပုံတင်အမှတ် | လိပ်စာ |
|---|---|---|
| (၁) | ဦးစန်းဝေဟွာ (ခ) ဦးကျော်ဝေ<br>TYN - ၁၀၅၃၉၉ | အမှတ် (၂၃၇)၊ ၃၄ လမ်း၊ ၈၄×၈၅ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။ |
| (၂) | ဒေါ်ချိန်းယူရင်း<br>KKI - ၁၁၇၃၉၅ | အမှတ် (၂၃၇)၊ ၃၄ လမ်း၊ ၈၄×၈၅ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။ |
| (၃) | ဦးစန်းဝေချိန်<br>၉/မနမ (နိုင်) ၀၃၈၃၇၃ | အမှတ် (၂၃၇)၊ ၃၄ လမ်း၊ ၈၄×၈၅ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။ |
| (၄) | ဦးရန်ကြာလင်<br>KLG - ၀၃၁၈၃၄ | အမှတ် (၁၄၀)၊ ၃၁ လမ်း၊ ၈၄×၈၅ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။ |
| (၅) | ဦးအိုက်ဆိုက်<br>TYN - ၁၀၁၉၄၁ | အမှတ် (၁၇၁)၊ သီရိမင်္ဂလာလမ်း၊ ရပ်ကွက်ကြီး (၂)၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်း။ |
| (၆) | ဦးဇော်မင်းကျော်<br>၁၃/မဆတ(နိုင်)၀၂၈၉၈၄ | အမှတ် (၂၉၅)၊ ၄-ထပ်၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ |

ဝန်ကြီး (ကိုယ်စား)၊<br>
(ဗိုလ်မှူးကြီးသူရိန်ဇော်၊ ဒုတိယဝန်ကြီး)၊<br>
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊<br>
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်အမှတ် (၂/၂၀၀၈)

နေပြည်တော်၊ ၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်<br>
( ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက် )

ပို့ဆောင်ရေးဝန်ကြီးဌာနသို့ အမှုထမ်းဆောင်ရန် လွှဲပြောင်းပေးလိုက်သော သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ကွန်ပျူတာတက္ကသိုလ် (မန္တလေး) မှ

လေ-၁၇၂၈ ဒုတိယဗိုလ်မှူးကြီး သန်းမင်း (ငြိမ်း) အား ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော (လစာနှုန်း ၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တန်းဝင် ဒုတိယညွှန်ကြားရေးမှူး ရာထူးနေရာသို့ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ တာဝန်ပေးခန့်ထား လိုက်သည်။

## အမိန့်အမှတ် (၃၄/၂၀၀၈)

နေပြည်တော်၊ ၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်
( ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက် )

၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၀၈) ၏ သဘောတူခွင့်ပြုချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဦးထွန်းလွင်အား ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ လစဉ်ချီးမြှင့်ငွေ ၁၅၀,၀၀၀/- (ကျပ်တစ်သိန်းငါးသောင်းတိတိ) ဖြင့် အကြံပေးအရာရှိအဖြစ် ပထမအကြိမ် တစ်နှစ် တာဝန်ပေးခန့်ထားလိုက်သည်။

ဦးထွန်းလွင်အား အကြံပေးအရာရှိတာဝန်များအပြင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်တာဝန်ကို ပူးတွဲထမ်းဆောင်စေလိုက်သည်။

ဦးထွန်းလွင်အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခြင်းမပြုဘဲ ငြင်းပယ်ခဲ့ခြင်းကြောင့်လည်းကောင်း၊ အကြံပေးအရာရှိအဖြစ် ဆက်လက်ခန့်ထားခြင်းကြောင့်လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁၉၈၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက် နေ့စွဲပါစာအမှတ်၊ ဘ-၂ (၁)/(၅၀) (၈၃) အရ ငြင်းပယ်ထားခဲ့သော ကြိုတင်ပြင်ဆင်ခွင့် (၄) လအတွက် ခွင့်လစာများကို တစ်လုံးတစ်ခဲတည်း ခံစားခွင့်ပြုလိုက်သည်။

ဗိုလ်ချုပ်သိန်းဆွေ၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမားဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၀/၂၀၀၇)

နေပြည်တော်၊ ၁၃၆၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်
( ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် )

ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက် ရက်စွဲပါစာအမှတ် ၁၇ ရာထူး (၁၃-ထ/၂) ၂၀၀၇

ဖြင့် လွှဲပြောင်းပေးခဲ့သည့် အမှတ် (၅၀၅) ခြေမြန်တပ်ရင်းမှ ကြည်း-၂၅၅၉၀ ဗိုလ်ကြီးခင်ဦးအား အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ မန္တလေး အလုပ်သမားဆေးရုံကြီးတွင် လစ်လပ်လျက်ရှိသည့် အုပ်ချုပ်ရေးအရာရှိ (စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်-၂) (လစာနှုန်း ၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) ရာထူးနေရာ၌ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

ဦးအောင်ကြည်၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမားဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## သမဝါယမဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၈၆/၂၀၀၇)

နေပြည်တော်၊ ၁၃၆၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်
( ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက် )

သမဝါယမဝန်ကြီးဌာန၊ သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်းမှ လက်ထောက်မန်နေဂျာ ဦးကျော်ခိုင်မင်းသည် ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့မှစ၍ ခွင့်မဲ့ပျက်ကွက်လျက်ရှိကြောင်း ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးတွေ့ရှိရသဖြင့် ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေး လက်စွဲ အခန်း ၄ အပိုဒ် ၅ (ခ) နှင့် (င) တို့အရ ၎င်းအား ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့မှစ၍ ဝန်ထမ်းအဖြစ်မှ ထုတ်ပယ် (Removal) လိုက်သည်။

ဗိုလ်ချုပ်တင်ထွတ်၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
သမဝါယမဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန
## ဝန်ကြီးရုံး

၁၃၆၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်
( ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် )

အမှတ် ၁၂။ ။ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ကျင်းပပြီးစီးသော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၁၀/၂၀၀၇) ၌ သဘောတူညီချက်အရ အဆင့်မြင့်ပညာရေးဦးစီး

ဌာန (အောက်မြန်မာပြည်) မှ ညွှန်ကြားရေးမှူး (စီမံ-၁)၊ (လစာနှုန်း ၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးတွင် အစမ်းခန့်ထားသည့် ဒေါ်နီနီဝင်းအား ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ဒေါက်တာချမ်းငြိမ်း၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
ပညာရေးဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်
( ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် )

အမှတ် ၁၁ ။ ။ ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့တွင် ကျင်းပသော အစည်းအဝေး အမှတ်စဉ် (၂၁/၂၀၀၇) ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ လက်ထောက်ဆရာဝန်အား အမည်နှင့်ယှဉ်တွဲပါ ရာထူး၊ ဌာနသို့ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | ဆမ | အမည်၊ဘွဲ့၊လွှန်၊ရာထူး၊ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ဌာန |
|---|---|---|---|
| ၁။ | ၇၇၈၈ | ဒေါက်တာတင်စပယ်အောင် D.Bact M.Med.Sc (Micro) လက်ထောက်ဆရာဝန် ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန၊ ရန်ကုန်မြို့။ လစာနှုန်း (၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) | လက်ထောက်ညွှန်ကြားရေးမှူး (Polio train) ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ရန်ကုန်မြို့။ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) |

**မှတ်ချက်။** ရာထူးတိုးမြှင့်ခန့်ထားသည့် လက်ထောက်ညွှန်ကြားရေးမှူးသည် ကျန်းမာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ လာရောက်တွေ့ဆုံရန်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲမှ ရာထူးတိုးမြှင့်အမိန့်ထွက်ပြီး သတ်မှတ်ရက်အတွင်း (သတ်မှတ်ရက်အတွင်း) အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

ပါမောက္ခဒေါက်တာကျော်မြင့်၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးဝန်ကြီးဌာန။

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# jyewr;

**အမှတ် ၂၅]** ရန်ကုန်မြို့ { ၁၃၇၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၂ ရက် ( ၂၀၀၈ ခုနှစ်၊ ဇွန်လ ၂၀ ရက် ) } **သောကြာနေ့ [အတွဲ ၆၁**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၀၈**

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

( ၂၀၀၈ ခုနှစ်၊ မေလ ၂၉ ရက် )

**ဗဟိုစီမံခန့်ခွဲရေးအမှုဆောင်အဖွဲ့နှင့် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ၊ ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ၊ ပြည်ပသို့ စေလွှတ်မည့်သူများ နိုင်ငံခြားသုံးငွေခွင့်ပြုမှုစိစစ်ရေး ကော်မတီများ ပြင်ဆင်ဖွဲ့စည်းခြင်း**

